# မပြောပြဖြစ်ခဲ့သော

## (The thing I can't tell)

**Htut**



## မပြောပြဖြစ်ခဲ့သော
## အခန်း (၁)

လူတွေကလေ ရှိနေတုန်းက ပစ်ပယ် ထားတတ်ကြပြီး၊ မရှိတော့မှ တမ်းတ တတ်ကြတာလား။ ဒါဆို ထိုအစုထဲမှာ ကျွန်တော်လည်း တစ်ယောက် အပါအဝင် ဖြစ်ပေလိမ့်မည်။

***

ကျွန်တော် စီးနင်းလာတဲ့ ကားလေးဟာ အေတီ တံတားကို ကျော်လွန်၍ တိုးဂိတ် ရှိရာသို့ ဦးတည်နေလေပြီ။ ကျွန်တော် ကားမှန်ကို ချလိုက်ပြီး အပြင်ကို ငေးကြည့်လိုက်သည်။ ဆောင်းအကုန် နွေအကူးမလို့ တိုက်ခတ်လာတဲ့ လေလေးတွေက အအေးဓာတ် အနည်းငယ် ပါနေသေးသည်။ ကျွန်တော် အေတီ ချောင်းကြီးကို ကြည့်လိုက်မိသည်။ အရင်လို၊ ကျွန်တော် တက္ကသိုလ် စတက်ကတည်းက အတိုင်းပင်၊ ဘာမှမပြောင်းလဲ။ ရေစီး အတိုင်း စီးဆင်းနေတော့သည်။

အေတီ တံတားကို ကျော်လာပြီးတော့ လယ်ကွက်လေးတွေကို တွေ့လာရပြီလေ။ စိမ်းနေတဲ့ နေရာက စိမ်း၊ ဝါနေတဲ့ နေရာက ဝါပြီး တစ်မျိုးစီ လှသွေးခြယ်နေသည်မှာ ကြည့်ပျော် ရှုပျော် ဖြစ်လှသည်။ တဖြည်းဖြည်းနဲ့ ဓာတ်ဆီဆိုင်တွေကို ကျော်လွန်လာခဲ့ပြီ။ ဓာတ်ဆီဆိုင်ကို ကျော်လာရင် ဘုန်းကြီးကျောင်း တစ်ကျောင်း တည်ရှိလေသည်။ ဘယ်ဘက်မှာတော့ စစ်တပ်ကြီး တည်ရှိတာပေါ့။ ဘုန်းကြီးကျောင်းကို ကျော်တာနဲ့ အစိုးရစက်မှုတက္ကသိုလ် သင်တန်းကျောင်း၏ ဆိုင်းဘုတ်ကို တွေ့မြင်ရမှာဘဲလေ။

ကားဟာ မောင်းလာနေရင်းမှ ရုတ်တရက် ဆိုသလို ရပ်သွားတော့သည်။ ဘာကြောင့်ဆို မြင်းလေးတွေက သူတို့ ခြံဝန်းကနေ ထွက်ပြီး တခြားနေရာသို့ ပြောင်းရွှေ့နေလို့ဘဲလေ။ ကားမှန် ဖွင့်ထားမိတာကြောင့် မြင်းချေးအနံ့က ကားထဲသို့ လေနှင့်အတူ ဝင်ရောက်လာတော့သည်။ ကျွန်တော် နှာခေါင်း ရှုံ့မိသွားသည်။ ဘာကြောင့်ဆို အနံ့အသက်က မကောင်းလို့ဘဲပေါ့လေ။

ကားဟာ ရပ်နေရာမှ တရွေ့ရွေ့ဖြင့် လှုပ်လာသည်။ အနည်းငယ်လောက် မောင်းသွားပြီးသည်နှင့် လားရှိုး တိုးဂိတ်ကို ရောက်ရှိသွားတော့သည်။ ကားမှန်မှာ ကပ်ထားတဲ့ "နည်းပညာ တက္ကသိုလ်သို့" ဆိုသည့် စာသားကြောင့် တိုးဂိတ်ခ မကောက်ခံပါ။ ဒီအတိုင်းသာ ဖြတ်သွား ခိုင်းတော့သည်။ တိုးဂိတ်ကို ကျော်သည်နှင့် စစ်တပ်က စိုက်ပျိုးထားသည့် လယ်ကွက်ကို မြင်ရတော့၏။ ကျွန်တော် လက်ညှိုးလေး ထိုးကာ အနောက်ဘက်ကို လှည့်ပြီး

"ဒါက ငရုတ်သီး ခင်းတွေလေ" ဆိုပြီး ကျွန်တော် ရွှင်ရွှင်ပျပျ ပြောလိုက်သည်။

ထိုချိန် ကားမောင်းနေတဲ့ အစ်မက ကျွန်တော် ညွှန်ပြရာကို လှည့်ကြည့်လိုက်သည်။

"ဟဲ့ ကားမှန်ကြီး ချထားတာကို ပိတ်ထားလိုက်စမ်းပါ။ ငါ့ဆံပင်တွေ လေတိုက်လို့ ပုံပျက် ကုန်တော့မယ်" အစ်မက ဘေးကို ကြည့်နေရင်းနဲ့ ကျွန်တော့်ကို လှမ်းပြောသည်။

"ဟာ အစ်မကလည်း ဒီဝတ်ရုံကြီး ဝတ်ထားတာ ပူလို့ပါ" ကျွန်တော်က ဝတ်ရုံ ကိုင်ပြီး ပြန်ပြောလိုက်သည်။

"ဒီလောက် လေအေးတွေ တိုက်နေတာကို ပူတယ် ဟုတ်လား" အစ်မက မကျေနပ်တဲ့ လေသံဖြင့် ပြန်ပြောတော့သည်။ ဒီလိုနဲ့ ကျွန်တော်လည်း ကား

မှန်ကို ပိတ်ဖို့ ပြင်လိုက်သည်။ ထိုအချိန် နောက်ခန်းကနေက ပြန်ပြောလာကို ကျွန်တော် ကြားလိုက်သည်။

"ဟုတ်တယ် ပူတာပေါ့၊ စိတ်လှုပ်ရှားနေရင် ပိုလို့တောင် ပူသေးတယ်" နောက်ခန်းမှာ ထိုင်နေတဲ့ ကျွန်တော့် အစ်ကိုက လက်ကလေး ပိုက်ပြီး ထောက်ခံကြောင်း ပြောလေသည်။

"အမလေးဟယ်၊ နင်တို့ကဖြင့် အနောက်တိုင်း ဝတ်စုံလေးဘဲ ဝတ်ရတာနော်၊ ငါ့လိုမျိုး မြန်မာ ဝတ်စုံ ချိတ်ထမီတို့လိုမျိုး ဝတ်ရရင် ဘယ်လိုနေမလဲ သိချင်သေးပါတယ်နော်" ဒီတစ်ခါ အစ်မအသံက ပိုကျယ်လာသည်ကို တွေ့ရသည်။ ရှေ့ကိုကြည့်ကာ ကျွန်တော်တို့ကို ပြန်ပြောနေသည်။

"ဒါကတော့ မိန်းကလေးနဲ့ ယောကျ်ားလေး မတူဘူးလေ။ အစ်မတို့က လှချင်တော့ ကြိတ်မှိတ်ပြီး အပူဒဏ်ကို ခံတာကိုး" ကျွန်တော် ပြန်ပြောလိုက်တော့သည်။

"အိုး ... လှရမှာပေါ့ တစ်သက်မှာ တစ်ခါဘဲ ဘွဲ့ယူရတာ လှမှ ရမှာပေါ့။ မလှလို့ရှိရင် မေစင်တို့ ဘဝမှာ ရာဇဝင်ရိုင်း သွားမှာပေါ့"

အစ်မ ပြောလိုက်တော့ ကျွန်တော် အစ်မကို ကြည့်ပြီး ရယ်လိုက်မိသည်။ ဘာကြောင့်ဆို အစ်မရဲ့ ဂုဏ်ယူ ဝင့်ကြွားစွာ ပြောနေတဲ့ ပုံစံက သူliveလွှင့်ရင် ပြောနေကျ ပုံစံဖြစ်နေလို့ဘဲလေ။ အစ်မက ဘဏ်အလုပ်လုပ်တယ် ဆိုပေမယ့်လည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် online shoppingကို လုပ်လိုက်သေးတာ။ Online shopping လုပ်ရာကနေ live လွှင့်ပြီးတော့ စိတ်ဓာတ် ခွန်အား မြင့်တက်အောင်၊ ဈေးဘယ်လို ရောင်းကောင်းအောင် ပြောပြပေးတဲ့သူ ဖြစ်သွားပြန်ရော။ Online shopက ရပ်လိုက်တယ်လို့ မထင်နဲ့။ တစ်ယောက်တည်းနဲ့ကို အလုပ်သုံးမျိုး လုပ်နေတော့တာ။ ခုလည်း ဘေးကနေ သူတို့တုန်းက ဘယ်လိုတွေဆိုတာကို ဖောက်သည် ချနေတော့

တာ။

"ကဲပါ သမီးကြီးက ကားမောင်းတာကိုဘဲ အာရုံစိုက်စမ်းပါ။ ညည်းမောင်က ပူလို့ ဖွင့်တာ၊ ဖွင့်ပါစေ" အမေက စကားဖြတ်ကာ ပြောလိုက်တော့မှ အစ်မလည်း စကားပြောတာ ငြိမ်သွားသည်။

ဒါတောင် သူ့ဆံပင်လေးကို လက်တစ်ဖက်ဖြင့် ကိုင်ပြီး ကျွန်တော့်ကို မျက်စောင်းထိုး ကြည့်နေသေးတာ။ ကျွန်တော်သည်လည်း ကားလမ်းဘက်ကိုသာ ပြန်၍ ကြည့်လိုက်တာပေါ့။ ဒီလမ်းတွေဟာ ကျွန်တော့် ခေါင်းထဲမှာ စွဲစွဲမြဲမြဲ ရှိနေသေးသည်။ ဟိုနားလေးရောက်ရင် အုတ်ဖုတ်စက်ရုံ ရှိမယ်၊ ဒီနားလေးဆိုရင် ညောင်ပင်ကြီးတွေ ရှိနေမယ်။ လမ်းပေါ်မှာ အဖြူ၊ နက်ပြာ ကျောင်းဝတ်စုံတွေနဲ့ သူငယ်ချင်းတစ်သိုက် ဆိုင်ကယ် မောင်းပြီး ကျောင်းသွားသည်ကိုလည်း မမေ့ပျောက် သေးပါ။ အချိန်က မနေ့တစ်နေ့ကလိုဘဲ အရမ်းကို မြန်ဆန်လွန်းလှသည် မဟုတ်ပါလား။ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်လည်း ကျောင်းပြီးသွားတော့ အရမ်းကို တအံ့တသြ ဖြစ်နေခဲ့ကြသည်။ ခြောက်နှစ်တာ ကာလကြီးက တစ်ရက်ကဲ့သို့ပင် ခံစားလိုက်ရလို့ ဖြစ်သည်။

ကျွန်တော် အတွေးနယ်ချဲ့နေမိတာ တော်တော်လေး ကြာသွားသည်။ ရှေ့နားလေးက "နည်းပညာ တက္ကသိုလ်" ဆိုတဲ့ ဆိုင်းဘုတ် အသေးလေးကိုတောင် တွေ့နေရပြီလေ။ တဖြည်းဖြည်းနဲ့လည်း ကျောင်းအပေါက်ဝ မုခ်ဦးရှေ့ကို ရောက်ခဲ့ပြီလေ။ အစ်မ ကားကို လွတ်တဲ့ နေရာလေးမှာ ထိုးရပ်လိုက်သည်။ ဓာတ်ပုံရိုက်ချင်လို့ ရပ်သည်တဲ့လေ။

ကျွန်တော်လည်း ကားပေါ်က ဆင်းလိုက်ရတာပေါ့လေ။ ကားပေါ်က ဆင်းပြီး တိုက်ခတ်လာတဲ့ လေလေးကို တစ်ချက် ရှူရှိုက်လိုက်သည်။ ပြီးနောက် မုခ်ဦးကို ကြည့်မိလိုက်တော့သည်။

"၁၆ ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား" ဆိုပြီး ဆိုင်းဘုတ်ကြီး ထောင်ထားသည်မှာ ကျက်သရေ ရှိလှသည်။ ထိုစာသားအောက် ဘက်နားလေးမှာမှ "ဘွဲ့ရမောင်မယ်များအား ဂုဏ်ယူ ဝမ်းမြောက်စွာ ကြိုဆိုပါ၏" ဆိုပြီးတော့လည်း ရေးထားသေးသည်။ ပြီးတော့ ၈.၂.၂၀၁၉ ဆိုပြီး ရက်စွဲကိုလည်း အတွန့်အတက်လေးတွေနဲ့ ပုံဖော်ထားသေးတာ။

"ဟေ့ ဘွဲ့ယူမယ့် ကောင်လေး ဒီဘက်လေး လှည့်လိုက်ပါဦး" အစ်မက ကျွန်တော့်ကို အော်ပြောနေသောကြောင့် ကျွန်တော် လှည့်လိုက်သည်။ အစ်မက ကျွန်တော့်ကို ဓာတ်ပုံရိုက်ပေး နေတော့တာလေ။ ကျွန်တော် ပြုံးရင်း ကားဘက်ကို ကြည့်လိုက်သည်။ အမေနဲ့ အစ်ကိုက ကျွန်တော်တို့ နှစ်ယောက်ကို မနိုင်စိန်ဆိုတဲ့ အကြည့်တွေနဲ့ ကြည့်နေကြတော့တာ။ အစ်မစိတ်တိုင်းကျ ဓာတ်ပုံရိုက်ပြီးသည်နှင့် ကားထဲသို့ တစ်ဖန် ပြန်သွားလိုက်သည်။

ထိုမှ ရပ်ထားတဲ့ ကားလေးဟာ မုခ်ဦးထဲသို့ မောင်းဝင်သွားတော့သည်။ ကျောင်းထဲသို့ ပြန်ရောက်လာတော့လည်း ရင်ထဲ တစ်မျိုးကြီး ခံစားလာရတာပေါ့။ လွမ်းသလိုလို၊ ဆွေးသလိုလို၊ တစ်ခုခုကိုဘဲ သတိရသလိုလို မျိုးပေါ့။ ကျွန်တော်တို့ ကားလေးဟာ သတ်မှတ်ထားတဲ့ နေရာလေးမှာ ထိုးရပ်လိုက်သည်။ ကျွန်တော် ကားပေါ်က ဆင်းလိုက်သည်။ ဆင်းပြီးသည်နှင့် ကားနောက်ခန်းက အမေ့ကို တွဲခေါ်လိုက်သည်။ ပြီးတော့ နှစ်ယောက်သား ကျောင်းပေါ်သို့ တက်သွားတာပေါ့။ နောက်မှာ ကျန်ခဲ့တဲ့ အစ်မကတော့ ကျွန်တော့်ကို အော်ခေါ်နေပေမယ့် ကျွန်တော်ကတော့ မကြား။ စိတ်လှုပ်ရှားနေသည်။

"ဟဲ့နေဦးလေ ဦးထုပ် မဆောင်းရသေးဘူးလေ" အစ်မဖြစ်သူ မေစင်ထွဋ်က လှမ်းအော်တော့သည်။

"ပေး ... ပေး ကျွန်တော့်ကို ပေးလိုက် သွားဆောင်းပေးလိုက်မယ်" မျိုးထွဋ်က မေစင်လက်ထဲက ဦးထုပ်ကို လှမ်းယူပြီး ပြောသည်။

"အေအေ ရော့၊ ငါခဏနေ လိုက်လာခဲ့မယ် မိတ်ကပ်လေး တို့လိုက်ပါဦးမယ်။ ဦးထုပ် သွားဆောင်းပေးလိုက်ဦး" မေစင်က ကားဘက်မှန်ကို ကြည့်ကာ မိတ်ကပ်ဘူးကို ဖွင့်ရင်း ပြောနေတော့သည်။

"အေးဆေး လုပ်ပါ အစ်မ" မျိုးထွဋ် အစ်မဖြစ်သူကို ပြန်ဖြေလိုက်ပြီး လှေကားတွေဘက်ကို တစ်လှမ်းချင်း လျှောက်သွားတော့သည်။ လှေကားမှာဘဲ ရှိသေးသည်။ ဦးထုပ် မဆောင်းရသေးဘူး ဆိုကာ ပြန်ဆင်းလာသည့် ညီဖြစ်သူကို ကြည့်ရင်း ပြုံးနေလေသည်။

ပြန်ဆင်းလာသည့် လမ်းတစ်ဝက်မှာပဲ အစ်ကိုက ဦးထုပ် ကိုင်လာတာကို မြင်လိုက်တော့ ပိုပြီးဝမ်းသာ သွားသည်။ အောက်ကို ထပ်ဆင်းစရာ မလိုတော့ဘူးလေ။ အစ်ကိုက ကျွန်တော့်ကို ဦးထုပ် ဆောင်းပေးနေသည်။ ပြုတ်မကျအောင် ကလစ်လေးနဲ့လည်း တွယ်ပေးနေတော့တာ။

ကျွန်တော် အမေ့နား သွားချင်ပြီ ဖြစ်၍ "မပြီးသေးဘူးလား အစ်ကို"ဟု မေးလိုက်မိသည်။

"အေ ပြီးတော့မှာ ငြိမ်ငြိမ်နေပါဟ၊ ငါက ကလစ်တွယ်တာ မကျွမ်းကျင်ပါဘူး ဆိုနေ" အစ်ကိုက စိတ်မရှည်တဲ့ အသံဖြင့် ကျွန်တော့်ကို ပြန်ဖြေသည်။

"ဟုတ်ပါပြီ ဖြည်းဖြည်းချင်း အချိန်ယူပြီး လုပ်ပါ" လို့ ကျွန်တော်ပြောပြီး ငြိမ်ငြိမ်လေး နေပေးလိုက်သည်။

ခဏကြာတော့ ပြီးသွားပြီ ထင်သည်။ ခေါင်းပေါ်က လက်နဲ့ဖိထားလို့ လေးနေတဲ့ ခံစားချက်ကြီး မရှိတော့ဘူးလေ။ ဒါနဲ့ဘဲ ကျွန်တော် အမေ့ဆီ အပြေးလေး ပြန်သွားလိုက်သည်။ အမေထိုင်တဲ့နားကို ကျွန်တော် ပြန်

ရောက်လာသည်။ အမေကတော့ အရင်လို လှနေမြဲ လှနေတော့တာလေ။

မကြာပါဘူး အစ်ကိုနဲ့ အစ်မပါ ရောက်လာတော့သည်။ အစ်မကတော့ ထုံးစံအတိုင်း ရောက်လာတာနဲ့ မိသားစု ဓာတ်ပုံ ရိုက်ဦးမတဲ့လေ။ ကျွန်တော်တို့တွေ ကျောင်းရှေ့မျက်နှာစာနား သွားလိုက်သည်။ ဓာတ်ပုံရိုက်တဲ့ မိသားစုတွေ၊ ဓာတ်ပုံဆရာတွေနဲ့ ပြည့်နေတော့တာလေ။ လှေကားနား ရောက် သွားတော့ ကင်မရာလွယ်ထားတဲ့ အစ်ကိုကြီးက ကျွန်တော်တို့ ရှေ့ ရောက်ချလာတော့သည်။

"ရိုက်မလား" ဆိုပြီးတော့လည်း ကျွန်တော်တို့ကို ကြည့်ပြီး မေးနေလေသည်။

"ရိုက်မယ်" ဆိုပြီး ကျွန်တော် ဖြေလိုက်တာပေါ့။

ဒါနဲ့ဘဲ မိသားစု ပုံလေး ရိုက်ကြတာပေါ့လေ။ ကျွန်တော်တို့ နှစ်ပုံ သုံးပုံလောက် ရိုက်ပြီးသည်နှင့် ကျွန်တော်တို့ ဘေးနားကို အဖေ့ရဲ့ အစ်မ၊ ကျွန်တော်ရဲ့ အဒေါ်တို့မိသားစု ရောက်လာတော့သည်။ တစ်ခါတည်း အဒေါ်တို့နဲ့ ဓာတ်ပုံရိုက် လိုက်ကြတာပေါ့လေ။

ဓာတ်ပုံ ရိုက်နေရင်းမှာ အဒေါ်က ကျွန်တော့် နားနားကပ်ကာ စကား တိုးတိုးလေး ပြောလိုက်သည်။

"မင်းအဖေ ရှိရင်၊ သူတော့ တော်တော် ပျော်နေမှာဘဲ"တဲ့လေ။

ကျွန်တော် အတတ်နိုင်ဆုံး ဝမ်းမနည်းမိအောင် ပြုံးထားလိုက်သည်။ အဒေါ်ကလည်း ကျွန်တော့်ကို သိစေချင်လို့ ပြောပြတာဘဲလေ၊ ဘယ်လို လုပ် စိတ်ဆိုးလို့ ရနိုင်မလဲ။ ဓာတ်ပုံတွေ ရိုက်နေပေမယ့်လည်း ကျွန်တော့် အကြည့်တွေက တခြားမိသားစုဆီ အကြည့် ရောက်နေတော့သည်။ ဒါကြောင့်လည်း ကင်မရာမန်းက ကျွန်တော့်ကို ကင်မရာ ကြည့်ဖို့

အကြိမ်ကြိမ် သတိပေးရတာပေ့ါ။

"ကျွန်တော်လည်း အဖေ့ကို ရှိစေချင်သည်။ တကယ်ကို ရှိစေချင်သည်" လို့တွေးရင်း ဟိုးအရင်က အတိတ်တွေကို ပြန်လည် တူးဆွကာ တွေးနေမိတော့သည်။

***

ကျွန်တော် မှတ်မိနေသေးသည်။ မှတ်မှတ်ရရ ကျွန်တော် final တက်နေတဲ့ first semester အပြီးမှာပေ့ါ။ ကျွန်တော့်ဆီ ဖုန်းဝင်လာတော့သည်။ ဖုန်းကို ကိုင်လိုက်သည်နှင့် ကျွန်တော် ပျာယာခတ်သွားသည်။

"အခြေအနေ မဟန်တော့ဘူး" တဲ့လေ။

ကျွန်တော် ဖုန်းကို ချလိုက်ပြီး အခန်းပြင် ထွက်လိုက်သည်။ ကျွန်တော့်နည်းတူ အဒေါ်လည်း ဝမ်းနည်းနေတော့သည်။ သူ့မောင်ကိုး၊ ဝမ်းနည်းသင့်တာပေ့ါ။ ကျွန်တော် ဘာတစ်ခွန်းမှ မပြောဘဲ အခန်းထဲ ပြန်ဝင်သွားလိုက်သည်။

နောက်နေ့ မနက်မှာ ကျွန်တော် စာမေးပွဲ သွားဖြေသည်။ Final ဆိုတော့ နှစ်ဘာသာဘဲ ဖြေရတော့တာလေ။ နောက်ဆုံး စာမေးပွဲဖြေပြီးသည်နှင့် ဌာနမှူးကို နောက်ဆုံး seminar ဖတ်တာကို ရက်ရွှေ့မည်ဆိုသည့် အကြောင်း သွားပြောသည်။ ပြီးနောက် ကျောင်းကပြန်တာနဲ့ အထုပ်ဆွဲပြီး သူငယ်ချင်းကို ကားဂိတ် လိုက်ပို့ခိုင်းရလေသည်။

မနက်ခင်းမကျ နေ့လယ်ခင်းမကျ ထွက်ခဲ့တာကြောင့် မူဆယ်ကို နှစ်နာရီလောက် ရောက်သွားသည်။ အဒေါ်တို့က မနက်ဖြန်မှ လိုက်ခဲ့မည် ဆိုသောကြောင့် တစ်ယောက်တည်း လာခဲ့ရခြင်းဖြစ်သည်။ ကျွန်တော် အမေတို့ အိပ်ခန်းကို တန်းတန်းမတ်မတ် သွားလိုက်သည်။ အပြင်မှာရှိနေတဲ့ အဖေ့ရဲ့

မိတ်ဆွေတွေကိုလည်း ပြုံးပြ နှုတ်ဆက်ရင်းနှင့်ပေါ့။ ကျွန်တော် အခန်း တံခါးကို တွန်းဖွင့်လိုက်သည်။

တံခါးဖွင့်ဖွင့်ချင်းဘဲ ကျွန်တော့်ကို လှည့်ကြည့်လာတဲ့ အမေ၊ အစ်မနှင့် အစ်ကိုတို့ကို အရင်ဦးဆုံး တွေ့လိုက်ရသည်။ အဖေ့ကိုတော့ မမြင်ရသေး ချေ။ အစ်ကိုတို့ အစ်မတို့ ဘေးကို အနည်းငယ် တိုးလိုက်ကြတော့မှ အဖေ့ ကို ထင်ထင်ရှားရှား မြင်ရတော့သည်။ အောက်ဆီဂျင်ပိုက် တပ်ထားရပြီး အသက်ကို အမောတကော ရှူရှိုက်နေရသည်။ ကျွန်တော် အဖေ့ကို စိုက်ကြ ည့်နေမိသည်။ စိတ်ထဲတွင်လည်း "အဖေ တော်တော်လေး ပိန်ကျသွားလိုက် တာ" ဆို၍လည်း ရေရွတ်မိသည်။ အဖေကတော့ ကျွန်တော့်ကို စိုက်ကြည့် မြဲ စိုက်ကြည့်နေဆဲပင်။

အစ်ကိုက ခုတင်နားလာရန် ခေါ်သောကြောင့် ကျွန်တော် ခုတင်နား သွား လိုက်ကာ ထိုင်လိုက်သည်။ အဖေနဲ့ နီးသွားလို့လား မသိ။ အဖေ့ရဲ့ အသက်ရှူသံလေးပင် ကြားနေရသည်။ ကျွန်တော်သည်လည်း ဘာဖြစ်သွား မှန်း မသိ အဖေ့လက်ကလေးကို ကိုင်လိုက်တော့သည်။ အဖေ့ အသားအရေ လေးက ကလေးလေး တစ်ယောက်လိုပင် နူးညံ့နေသည်။ လက်ကလေးကို အသာလေး ပွတ်သပ်လိုက်သည်။ အရေအပြား တွန့်တွန့်လေးကို ခံစား လိုက်ရသည်။ ကျွန်တော် နောက်တစ်ခေါက် အဖေ့ကို ပြန်ကြည့်မိသည်။ ကျွန်တော့်ကို ကြည့်နေတုန်းဘဲလေ။ ကျွန်တော်လည်း ခေါင်းငုံ့လိုက်ပြီး အ ဖေ့လက်ကလေးကို ပြန်ကြည့် နေမိသည်။ အရင်က ကျွန်တော်တို့ကို ဆုပ်ကိုင်ထားတဲ့ လက်က ခုဆို ကျွန်တော်တို့ကဘဲ တစ်ဖန် ပြန်ပြီး ဆုပ်ကိုင်ထားရတော့သည်။

ကျွန်တော် တွေးမိသည်။ အဖေ့ရဲ့ ပြောင်းလဲလာမယ့် ပုံသဏ္ဍာန် ကိုပေါ့။ အစကတော့ ပြည့်ပြည့်ဖြိုးဖြိုး ခန္ဓာနဲ့ပေါ့၊ ပြီးတော့ တဖြည်းဖြည်းနဲ့ ပိန်

လာမယ်၊ အရေပြားလေးတွေ တွန့်လာမယ် ဆိုပြီးတော့ပေါ့။ ကျွန်တော် အဖေ့လက်ကို ကိုင်ထားရာမှ တစ်ခု သတိရသွားတော့သည်။ အိမ်ရှေ့မှာ ရှိနေကြတဲ့ အဖေ့ သူငယ်ချင်းတွေနဲ့ လူအုပ်ကြီးပေါ့။

"အိမ်ရှေ့မှာ အဖေ့ သူငယ်ချင်းတွေက ဘာလာလုပ်တာလဲ" ဆိုပြီး ကျွန်တော် အစ်ကို့ အနားလေးတိုးလိုက်ပြီး မေးလိုက်သည်။

"အော် ခုက ဝါတွင်းလေ၊ အဖေ့အတွက်လည်း ကုသိုလ်ရအောင် ဝါဆိုသင်္ကန်း ကပ်ပေးမလို့လေ" အစ်ကိုက ကျွန်တော့်ကို ဝမ်းနည်းတဲ့ အကြည့်တွေနဲ့ ကြည့်ပြီး ဖြေလေ၏။

ကျွန်တော်နဲ့ အစ်ကို စကားပြောပြီးသည်နှင့် ဘုန်းကြီး ကြွလာပြီဟု ဆို၏။ ဒါနဲ့ ညီကိုနှစ်ယောက် အဖေ့ကို မထူပြီး ဝှီးချဲပေါ် တင်ရလေသည်။ ပြီးနောက် ကျွန်တော်တို့ ဘုရားခန်း သွားကြတာပေါ့လေ။ ဘုရားခန်း ရောက်တော့ အားလုံးက လူစုံတက်စုံနဲ့ ရှိနေကြပြီလေ။ ကျွန်တော်တို့လည်း အဖေနှင့်အတူ ထိုင်လိုက်တာပေါ့။ အဖေကလေ လက်အုပ်ချီဖို့တောင် အားအင်မရှိတော့ဘူး၊ အတော်လေး ချိနဲ့နေပြီ။ ဒါကြောင့် ကျွန်တော်လည်း အဖေ့လက်လေး ကိုင်ပြီး လက်အုပ်ချီသည့် ပုံစံလုပ်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာဘဲ ဘုန်းကြီးက သြကာသ ကန်တော့ဖို့ မိန့်လေတော့သည်။ ဘုရားခန်းလေးမှာ သြကာသ ဆိုတဲ့ အသံက ပဲ့တင်ထပ်သွားတာပေါ့။ ကျွန်တော်က အဖေ့လက်ကို ကိုင်ထားတာကြောင့် စိတ်ထဲကနေဘဲ ကန်တော့ တာပေါ့။ ကျွန်တော် အဖေ့ကို ကြည့်လိုက်သည်။ မျက်စိလေး မှိတ်ပြီး တရားမှတ်နေတာ ထင်ပါရဲ့။

နောက်ဆုံး ရေစက်ချတဲ့ အပိုင်းကို ရောက်လာပြီလေ။ ကျွန်တော် ရေကရားနဲ့ ရေစက်ခံဖို့ ခွက်ထည့်ထားတဲ့ လင်ပန်းကို အသာလေး မပြီး အဖေ့ရှေ့ကို ယူလာလိုက်သည်။ အစ်ကိုကတော့ အဖေ့လက်လေးပေါ် ထပ်ပြီး ရေ

ကရားကို အတူတူ ကိုင်ထားသည်။ ဘုန်းကြီးကနေမှ တရားစာ တိုင်ပေးတော့မှ အဖေကိုင်ထားတဲ့ ရေကရားလေးကနေ ရေလေးတွေ တဖြည်းဖြည်း ထွက်လာတော့၏။

"အားလုံး ကြားကြားသမျှ ... အမျှ ... အမျှ ယူတော် မူကြပါကုန်သော် သာဓု ... သာဓု ... သာဓု"

အမျှပေးဝေတာ သုံးကြိမ် တိုင်တိုင် ရေစက်ချပြီးသည်နှင့် အားလုံးက ဦးချကာ ကန်တော့ကြလေသည်။ ကျွန်တော်လည်း တစ်ယောက် အပါအဝင်ပေါ့။ ကျွန်တော်တို့တွေ ဘုန်းကြီးငါးပါးကို နေ့ဆွမ်း ကပ်လှူကြသည်။ ဆွမ်းစားလို့ ပြီးသည်နှင့် ဘုန်းကြီးငါးပါးကို ဘုန်းကြီးကျောင်းသို့ ပြန်ပို့ကြသည်။ ပြီးတော့ လာရောက်ကျတဲ့ ဧည့်သည်တွေကိုလည်း တည်ခင်း ဧည့်ခံကြတာပေါ့။ ကျွန်တော်တို့ မောင်နှမတွေလည်း တခြားသူတွေနဲ့ ဝင်ရောက်ပြီး စားသောက်ကြတာပေါ့။ ကျွန်တော်တို့ စားနေတုန်း အမေက အဖေ့နားမှာ ရှိနေပေးလေသည်။

ဒီလိုနဲ့ ဧည့်သည်တွေ တစ်ယောက်ပြီး တစ်ယောက် ပြန်သွား ကုန်ကြပြီလေ။ ကျွန်တော်လည်း စားသောက်ပြီးတော့ အမေ့နား သွားလိုက်သည်။ အမေလည်း ဘာမှ မစားရသေးတော့ ပင်ပန်းနေရောပေါ့။ ဒါကြောင့်ဘဲ အမေ့ကို နေ့လယ်စာ သွားစားခိုင်းလိုက်ပြီး ကျွန်တော် ခုတင်နားမှာ ထိုင်လိုက်သည်။ ကျွန်တော် ခုတင်ထက်က အဖေ့ကိုယ်လေးကို ဖက်ထားသည်။ အဖေ လိုချင်လိမ့်မယ်လို့ ထင်မိပြီး လုပ်လိုက်တာပေါ့လေ။ ကျွန်တော် အဖေ့ကို ဖက်ထားနေတုန်းမှာ အဖေက မျက်နှာကြက်ကို ကြည့်နေတော့တာ။ ပြီးတော့လည်း တိုးတိုး တိုးတိုးနဲ့ စကားတွေ ပြောနေတော့တာ။ ကျွန်တော်ကတော့ အဖေ ဘာပြောနေလဲ မတွေးမိပါ။ ကျွန်တော် ဖက်မြဲသာ ဖက်ထားတော့သည်။ ထိုချိန်မှာဘဲ အဖေကနေပြီး ကျွန်တော့် လက်ကလေးကို

လာကိုင်သည်။ ပြီးတော့ ကျွန်တော့်ကိုလည်း မော့ကြည့်လာတော့၏။

တစ်ခုခုပြောမည် အထင်နှင့် ကျွန်တော် အဖေ့ ပါးစပ်နားကို ခေါင်းငုံ့လိုက်သည်။ အဖေက အိပ်ချင်တယ်တဲ့လေ။ ကျွန်တော့်ကို တိုးတိုးလေး ပြောတော့တာ။ ကျွန်တော် ချက်ချင်းပင် အဖေ့ကို ဖက်ထားရာကနေ လွှတ်လိုက်ပြီး ခုတင်ပေါ် လှဲဖို့ ပြင်လိုက်သည်။ အဖေ့ရဲ့ အားအင်ကုန်ခန်းနေတဲ့ လက်တွေက ကျွန်တော့်ကို မလုပ်ဖို့ ဟန့်တားလိုက်သည်။ ကျွန်တော် သဘောပေါက်လိုက်သည်။ ဒါနဲ့ ကျွန်တော် တစ်ဖန် ပြန်ဖက်ထားလိုက်သည်။ အဖေ့ရဲ့ ဦးခေါင်းကို ကျွန်တော့် လက်မောင်းပေါ်သို့ မှီစေသည်။ ကျွန်တော် အဖေ့ကို ကြည့်နေမိသည်။ အဖေက ပြုံးပြုံးလေး ဖြစ်နေတော့သည်။

"အဖေ ကျွန်တော် လာမတွေ့ ... "

စကားပင် မဆုံးလိုက် အဖေ့ရဲ့ ဦးခေါင်းက မှီထားရာကနေ အရုပ်ကြိုးပျက်သလို ရှေ့ငိုက်စိုက်သွားသည်။ ကျွန်တော် တော်တော်လေး ထူပူသွားသည်။ အဖေ့ ဦးခေါင်းကို တစ်ဖန် ပြန်မှီစေပြီး ကျွန်တော့် လက်ချောင်းလေးတွေကို အဖေ့နှာခေါင်းနား ထားလိုက်သည်။ လေ အသွင်းအထုပ် ရှိမနေတော့ဘူးလေ။ ကျွန်တော် ဝမ်းနည်းသွားသည်။ ကျွန်တော် ပြောချင်သော စကားကို အဆုံးထိ မပြောလိုက်ရလို့ပင် ဖြစ်သည်။ တစ်ချိန်တည်းမှာဘဲ ကျွန်တော် အမေ့ကို အော်ခေါ်လိုက်တော့သည်။

"အမေ ..."

***

"ကဲ ... ရပြီ အားလုံးလှပါတယ်နော်"

ကင်မရာမန်း အစ်ကိုရဲ့ စကားကြောင့် ကျွန်တော့် အတွေးတွေ ပျံ့လွင့်သွား

တော့သည်။ ကျွန်တော့် အကြည့်တွေကလည်း ထိုကင်မရာမန်း အစ်ကိုဆီ ရောက်သွားတာပေါ့။

"အားလုံး လှကြပါတယ်၊ ပုံကောင်းလေး တွေပါပဲ" ထိုကင်မရာမန်းက နောက်တစ်ခေါက် ထပ်ပြောတော့သည်။

"ပြီးတော့ ပိုက်ဆံက ကြိုရှင်းရပါတယ် အစ်ကိုတို့ အစ်မတို့" ဆိုပြီး ထပ်ပြီး ပြောတော့တာ။

ဒါနဲ့ အစ်မကပဲ ထိုကင်မရာမန်းဆီ သွားလိုက်ရသည်။ ကျွန်တော်ကတော့ ကျွန်တော့်မိသားစုကို ချန်ပြီး တစ်ယောက်တည်း ကျောင်းရင်ပြင်ပေါ် တက်သွားတော့တာပေါ့။ ရင်ပြင်ကို ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့် သူငယ်ချင်းတွေကို တွေ့လိုက်ရသည်။ အချစ်ဆုံး သူငယ်ချင်းတွေလို့ဘဲ ပြောရမှာပေါ့လေ။ ကျွန်တော် သူတို့နား လျှောက်သွားလိုက်သည်။

"ဟား ပိန်သွားတယ်ကော" ဆိုပြီး အွမ်ခမ်းက ကျွန်တော့်ကို ကြည့်ပြီး စကားဆိုလေသည်။

"အမယ် နင်လည်း ပိန်သွားပါတယ်နော်" ကျွန်တော် အွမ်ခမ်းကို ကြည့်ရင်း ပြန်ပြောသည်။

"ဟုတ်လား ... တွေ့လား ငါ့သူငယ်ချင်းက အကောင်းပြောတယ်၊ နင်တို့လို မဟုတ်ဘူး" ဆိုကာ တစ်ဖက်ကို လှည့်ပြီး ရန်တွေ့နေတော့တာ။

"ဘယ်လိုလဲ ဘွဲ့မယူဘဲ ကားအရောင်းအဝယ် လုပ်မယ်ဆိုတဲ့သူက ဘွဲ့ ဝတ်စုံတွေနဲ့ပါလား မွေးနီ" ဟု ကျွန်တော် အရွှန်းပေါက်လိုက်သည်။

"ဟာ first yearတုန်းက နာမည်ကြီးကို မခေါ်ပါနဲ့လား၊ ခုမနီတော့ပါဘူး၊ အဲ့နာမည်ကို ပေးတဲ့ ဆရာမကိုလည်း စိတ်တိုလိုက်တာ" ဆိုပြီး ကျွန်တော့် သူငယ်ချင်း ဝင်းမင်းထွေးက မျက်မှောင်ကြုတ်ပြီး ပြောသည်။

"ဆရာမကို စိတ်ဆိုးတယ်" ဆိုပြီး အွမ်ခမ်းက ဘာလို့ပါလဲ ဆိုသည့် အကြည့်တွေဖြင့် ဝင်းမင်းထွေးကို ကြည့်ရင်း ဝင်ပြောသည်။

"ဟုတ်တယ် စိတ်ဆိုးတယ်" ဝင်မင်းထွေးက လက်ပိုက်ပြီး ပြောနေတော့သည်။

"စိတ်မဆိုးပါနဲ့ ဆရာမက အမှတ်မထင် ပြောလိုက်တာဘဲကို" ဟု ကျွန်တော်က ချော့လိုက်သည်။

"အမယ် ဆရာမကို စိတ်ဆိုးနေသေးတယ်၊ အမှန်ဆိုရင် ကျေးဇူးတောင်တင်ရဦးမှာ" ဆိုပြီး နေလင်းထွန်းက ရယ်ကာမောကာ ပြောလိုက်တော့၏။

ကျွန်တော်လည်း "ဘာလို့လဲ" ဆိုသည့် အကြည့်ဖြင့် နေလင်းထွန်းကို ကြည့်လိုက်တာပေါ့။

တစ်ဆက်တည်းမှာဘဲ နေလင်းထွန်းက ပြောပြဖို့ အားယူလိုက်ပြီး ရှင်းပြတော့သည်။

"ဒီလိုလေ မွေးနီဆိုတဲ့ နာမည်ကြောင့်ဘဲ တစ်ကျောင်းလုံးက သိလာတာလေ၊ ပြီးတော့ ဆရာမ တူမကိုလည်း ကြိုက်ခဲ့ပြီးတော့"

"အေးလေ မွေးနီကလည်း ဆရာမကိုတောင် ပြန်ကျေးဇူးတင်ရဦးမှာကို" ကျွန်တော်က နေလင်းထွန်း၏စကားကို ထောက်ခံကြောင်း ဆိုလိုက်သည်။

"ကဲပါ နောက်မှ ကျေးဇူးတင်သင့်၊ မတင်သင့်ဘူးဆိုတာကို ဆက်ပြီး ဆွေးနွေးကြ။ ခုတော့ ဓာတ်ပုံသွားရိုက်ရအောင်" ဟု အွမ်ခမ်းက ပြောလည်း ပြောရင်း ကျွန်တော်တို့ လက်တွေ အားလုံးကို ချိတ်ပြီး ကျောင်းရှေ့လှေကားနား သွားဖို့ ပြင်နေတော့တာလေ။

ကျွန်တော်တို့လည်း သူဆွဲခေါ်ရာကို သွားလိုက်ကြတာပေါ့။ ကျွန်တော်တို့တွေ ဓာတ်ပုံတွေကို ပုံစံ အမျိုးမျိုးဖြင့် ရိုက်ကြသည်။ ပြီးတာနဲ့ ကျောင်းက

ခေါ်ထားတဲ့ ဓာတ်ပုံဆရာဆီမှာ တစ်ယောက်တည်း ပုံတွေ ရိုက်ကြတာပေါ့လေ။ စာလိပ်လေးကိုင်ပြီး မတ်တတ်ရပ်လိုက်၊ ထိုင်လိုက်နဲ့ အလုပ်ရှုပ်နေတော့တာလေ။ ထိုချိန် ဟောခန်းကနေ မော်ကွန်းထိန်း၏ အသံဟာ ဟိန်းထွက်လာတော့သည်။

"ဘွဲ့ရမောင်မယ်များ ဟောခန်းထဲတွင် နေရာယူဖို့ အသိပေးအပ်ပါတယ်"

ကျွန်တော်တို့လည်း ထိုသတိပေး စကားကို ကြားတော့ အပေါ်ကို အပြေးလေး သွားရတာပေ့ါ။ အမေတို့၊ အစ်ကိုတို့၊ အစ်မတို့၊ အဒေါ်တို့ကတော့ နောက်ကနေ ဖြည်းဖြည်းလေး လိုက်လာနေတော့သည်။ မနေ့က rehearsal လုပ်ထားသည့်အတိုင်း ကျွန်တော့်နေရာမှာ ထိုင်လိုက်သည်။ ကျွန်တော်နှင့် နေလင်းထွန်းရဲ့ အဆင့်က ရှေ့ဆင့်နောက်ဆင့် ဆိုတော့၊ သူက ကျွန်တော့် ဘေးမှာ ထိုင်ရသည်။ အွမ်ငင်းခမ်းနှင့် မွေးနီကတော့ နောက်တစ်လှိုင်း ကျော်မှာပေ့ါလေ။

ပွဲမစသေးခင် ကျွန်တော် မတ်တတ်ရပ်လိုက်ကာ အမေ့ကို ရှာနေမိသည်။ ဟိုကြည့် ဒီကြည့် လုပ်ပြီးတော့ပေ့ါ။ နောက်ဆုံးတော့ အမေ့ကို တွေ့ရပြီလေ။ အမေ့ဘေးမှာ အစ်ကိုက အတူရှိနေတော့တာ။ တချို့ကြတော့ အဖေနဲ့ အမေ စုံတွဲ ထိုင်နေကြတာပေ့ါ။ ကျွန်တော် ပြန်ထိုင်လိုက်သည်။ စိတ်မကောင်းဖြစ်သွားလို့ တူပါရဲ့ ကျွန်တော် မျက်ရည်ဝဲ လာမိသည်။ ဘေးက နေလင်းထွန်းကတော့ ကျွန်တော့် ကျောပြင်ကို ပွတ်သပ်ပေးပြီး နှစ်သိမ့် ပေးနေတော့တာပေ့ါ။

ကျွန်တော်တို့ အခန်းထဲ ရောက်ပြီး မကြာပါဘူး၊ တံခါးအားလုံး ပိတ်လိုက်တော့သည်။ ဘေးမှာ ရပ်နေကြတဲ့ ဆရာမတွေကလည်း ကျွန်တော်တို့ကို မတ်တတ်ရပ်ဖို့ ပြောနေကြတော့သည်။ မတ်တတ်ရပ်ပြီးသည်နှင့် တစ်ပြိုင်နက် ဆိုင်းဝိုင်းကနေပြီးတော့ အသံ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်

ပေါ်လာသည်။ ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထရလောက် အောင်ပင် အသံက ကျယ်လှသည်။

ဌာန အသီးသီးက ဌာနမှူးတွေဟာ ဖြည်းဖြည်းလေးဖြင့် လျှောက်လှမ်း လာနေ ကြတော့တာ။ ထိုဆရာ၊ ဆရာမတွေ နောက်မှာတော့ မော်ကွန်းထိန်းနဲ့ ကျောင်းအုပ်ဆရာကြီးတို့က လိုက်ပါလာကြတာပေ့ါ။ ဖြည်းဖြည်းလေးနဲ့ လျှောက်လှမ်းလာရာကနေ ဌာနဆိုင်ရာက ဆရာ၊ ဆရာမတွေကော၊ မော်ကွန်းထိန်းနှင့် ကျောင်းအုပ်ဆရာကြီးတို့လည်း စင် ပေါ်သို့ ရောက်ကုန်ကြပြီလေ။

ထိုမှ ကျောင်းအုပ်ဆရာကြီးတို့ ထိုင်လိုက်ကြတော့၊ ကျွန်တော်တို့လည်း ထိုင်လိုက်တာပေ့ါ။ ထို့နောက် rehearsal တုန်းကအတိုင်း ဌာနက ဆရာမ တစ်ယောက်က မေးခွန်းမေးလိုက်၊ ကျောင်းအုပ်ဆရာကြီးလည်း ဖြေလိုက် လုပ်နေကြတော့တာပေ့ါ။ အမေးအဖြေတွေ ပြီးတော့ ကျွန်တော်တို့ တစ်ဖန် မတ်တတ်ရပ်ရပြန်သည်။ ကျောင်းအုပ်ဆရာကြီးကလည်း မိုက်ခံ့နားသွား ကာ

"ပညာရေးနဲ့ စီမံခန့်ခွဲရေးအဖွဲ့က ထောက်ခံချက် ပေးပြီးဖြစ်သော ဘွဲ့များ ကို မောင်တို့မယ်တို့အား အပ်နှင်းလိုက်သောအခါ နေ့စဉ်နေ့တိုင်း နေထိုင် ပြောဆိုမှု၌ တက္ကသိုလ်ဘွဲ့ရများနှင့် သင့်လျော်ထိုက်တန်စွာ နေထိုင်ပြောဆို ပါမည်ဟု ရိုးသားဖြောင့်မတ်စွာ ကတိပြုပါမည်လော"

"ကတိပြုပါသည်" ကျွန်တော်တို့ဆီကမှ အသံဟာ ကျယ်လောင်စွာ ထွက် လာသည်။

"ကိုယ်ကျင့်တရား ကောင်းမြတ်မှုနှင့် မွန်မြတ်သော ပညာရှာမှီးမှုကို အခွ င့်အရေး အစွမ်းသတ္တိရှိသမျှ ထိန်းသိမ်းဆောင်ရွက်မည်ဟု ကတိပြုပါမည် လော" ကျောင်းအုပ်ဆရာကြီးနေမှ ထပ်မေးတော့သည်။

"ကတိပြုပါသည်" ကျွန်တော်တို့လည်း ထပ်ပြီး ဖြေရပြန်တာပေါ့။

"ပြည်သူ တစ်ရပ်လုံး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစွမ်းရှိသမျှ ဆောင်ရွက်ထိန်းသိမ်း စောင့်ရှောက်ပါမည်ဟု ကတိပြုပါမည်လော"

"ကတိပြုပါသည်" ဟူ၍ နောက်ဆုံးဖြေပြီးသည်နှင့် ကျွန်တော်တို့ အားလုံး ပြန်ထိုင်လိုက်သည်။

ထိုင်ပြီးသည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာဌာနက ဆရာမက ထွက်လာပြီး စကားဆိုတော့သည်။ ဒီလိုနဲ့ တစ်တန်းပြီး တစ်တန်း ထွက်သွားကြပြီး ဘွဲ့ယူနေကြတော့သည်။ ကျွန်တော်တို့ မေဂျာအလှည့် ရောက်တော့ ကျွန်တော်တို့ ဌာနမှူးက rehearsalက အတိုင်း မိုက်ခုံမှာ ရပ်နေတော့သည်။ ပြီးတော့ နာမည်ကို ဖတ်ပြနေတော့တာပေါ့။ ကျွန်တော် အလှည့်ရောက်တော့ ဖိတ်စာကဒ်ကို ဆရာမအား ပေးလိုက်သည်။ ဆရာမက ယူပြီးသည်နှင့်

"မောင်လင်းထွဋ်၊ ခုံအမှတ်-VI EC 10၊ မဟာဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီ"

ကျွန်တော့် နာမည်ကို ခေါ်ပြီးသည်နှင့် ကျွန်တော် ကျောင်းအုပ်ဆရာကြီးနား သွားလိုက်သည်။

ထို့နောက် rehearsalက အတိုင်း ရပ်သင့်သည့် နေရာရပ် ဓာတ်ပုံရိုက်ပြီးတော့ ကိုယ့်နေရာကို ပြန်ရောက်လာသည်။ ဒီလိုနဲ့ မေဂျာ အသီးသီးက သူတွေ ဘွဲ့လက်မှတ် ယူပြီးသည်နှင့် တစ်ပြိုင်နက် မတ်တတ်ရပ်လိုက်ကြတော့သည်။ ထိုချိန် ကျောင်းအုပ်ဆရာကြီးက နေပြီးတော့

"နည်းပညာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့အသီးသီးအတွက် ကောင်းစွာ

အောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ကြေညာပြီးဖြစ်သော မောင်တို့မယ်တို့အား သက်ဆိုင်ရာ ဘွဲ့အသီးသီးကို နည်းပညာတက္ကသိုလ်(လားရှိုး) ပါမောက္ခချုပ် အနေဖြင့် ကျွန်ုပ်တွင် အပ်နှင်းထားသော အခွင့်အာဏာအရ ကျွန်ုပ်က ပေးအပ်သည်။ သက်ဆိုင်ရာ ဘွဲ့လက်မှတ်များကို ပေးအပ်ပြီဖြစ်၍ သင်တို့၏ ဘွဲ့အသီးသီးနှင့် လျော်ညီသော အမှတ်လက္ခဏာ ဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့် ပြုလိုက်သည်။"ဟု မိန့်ကြားလေသည်။

မိန့်ကြားပြီးသည်နှင့် ကျွန်တော်တို့လည်း ဦးထုပ်ပေါ်က ဆံမြိတ်ကို ယာဘက်ကနေ ဘယ်ဘက်သို့ ပြောင်းလိုက်ကြပြီး ထိုင်လိုက်ကြတော့သည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးမှ မိန့်ခွန်း ပြောကြားလေတော့သည်။ မိန့်ခွန်း ပြောပြီးသည်နှင့် မော်ကွန်းထိန်းက ထလာပြီးတော့ မိန့်ခွန်းမိန့်တော့သည်။ မော်ခွန်းထိန်းက မိန့်ခွန်း ပြောတာတော့မဟုတ်၊ ကျောင်းအုပ်ဆရာကြီးအား ပွဲရုပ်သိမ်းဖို့ မိန့်ခြင်းဖြစ်လေသည်။ ထိုမှ ကျောင်းအုပ်ဆရာကကြီးက ထိုင်ရာမှ ထလာပြီး "ဤဘွဲ့နှင်းသဘင်အား ရုပ်သိမ်းပြီ" ဟု ပြောလေသည်။

ကျောင်းအုပ်ဆရာကြီး ပြောပြီးသည်နှင့် တစ်ပြိုင်နက် ဆိုင်းသံဟာ မြည်ဟိန်းလာတော့သည်။ ကျောင်းအုပ်ဆရာကြီးနှင့် တခြား ဆရာ၊ ဆရာမတွေလည်း စင်ပေါ်ကနေ ဖြည်းဖြည်းလေး ဆင်းလာကြတော့သည်။ ကျောင်းအုပ်ကြီးတို့ ရှေ့နားရောက်သည်နှင့် ကျွန်တော်တို့လည်း နှစ်ယောက်တစ်တွဲ တွဲရင်း နောက်ကနေ အပြင်သို့ လျှောက်သွားရတော့တာပေါ့။

ကျွန်တော် အပြင် ရောက်သွားသည်နှင့် ကျွန်တော်နှင့်သိသည့် ဂျူနီယာလေးတွေက ပန်းစည်းလာပေးကြတော့သည်။ အစ်ကိုတို့ အစ်မတို့က လည်း တစ်စည်းစီ လာပေးကြတာပေါ့။ ကျွန်တော် လာပေးသည့် ပန်းစည်း

တွေ လက်ထဲ ကိုင်ထားလို့ အဆင်မပြေတော့ပါ။ ဒါကြောင့် အစ်မတို့ကို တစ်ဝက်စီ ခွဲပေးလိုက်သည်။ ကျောင်းပြီးသွားပေမယ့်လည်း ကျွန်တော်နဲ့ ကတိပေးထားလို့ ပန်းစည်းလာပေးတဲ့ စီနီယာ အစ်မတွေလည်း လာပြီး ကျွန်တော့်ကို ဂုဏ်ပြုကြတာပေါ့။

ထိုအစ်မတွေနဲ့ စကားတွေပြောနေရင်း ခဏနေတော့ မေဂျာအဖွဲ့လိုက် ဓာတ်ပုံရိုက်မယ်ဆိုပြီး လာခေါ်တော့သည်။ ကျွန်တော်လည်း ဟောခန်းထဲ ပြန်ဝင်လိုက်တာပေါ့။ ဟောခန်းထဲမှာ တော်တော်ကြာကြာ စောင့်လိုက်ရသည်။

Civilမေဂျာက အရင်ရိုက်ကြတာ ဆိုတော့လေ။ သူတို့ပြီးတော့ ကျွန်တော်တို့ အလှည့် ရောက်လာခဲ့ပြီ။ ကျွန်တော်တို့လည်း တော်တော် ကြာလိုက်သည်။ ဌာနမှူးက စကားပြောနေလိုက်၊ အလုပ်ခွင်မှာ ကောင်းကောင်းလုပ်ဖို့ မှာနေတာနဲ့ ဆိုတော့ ကြာသွားတော့တာပေါ့။

အဖွဲ့လိုက် ရိုက်လို့ပြီးတော့ ကျွန်တော်တို့ သူငယ်ချင်းလေးယောက် အတူတူ ပြန်ထွက်လာသည်။ ပြီးတော့ အောက်ထပ်ကို ဆင်းသွားလိုက်ကြသည်။ ကျွန်တော့် အစ်ကိုကိုလည်း လက်ဆွဲပြီး ခေါ်ခဲ့လိုက်ရတာပေါ့။ ကန်တင်းကို သွားတဲ့ ကွန်ကရစ်လမ်းပေါ်မှာ လေးယောက်သား နေရာယူလိုက်ကြသည်။ လက်တစ်ဖက်က ဘွဲ့လက်မှတ်ကို ကိုင်ထားကြသည်။ ကျန်လက်တစ်ဖက်က ဦးထုပ်ကို ကိုင်ထားတော့သည်။

ကျွန်တော့် အစ်ကိုက "တစ် ... နှစ် ... သုံး ..." လို့ နံပါတ်ရေပြီးတာနဲ့ ကျွန်တော်တို့ သူငယ်ချင်း တစ်သိုက်ကလည်း ဦးထုပ်ကို လေပေါ်မြှောက်ကာ "ရေး ..." ဆိုပြီး အသံကုန် အော်လိုက်ကြတော့သည်။

***